ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၃ ၊ အမှတ် ၄ | ၂၀၁၈ ခုနှစ် ၊ ဇန်နဝါရီလ ၁ ရက်

## Round-Table on Development of Blueprint for Myanmar National Single Window အခမ်းအနား ကျင်းပခြင်း



Round-Table on Development of Blueprint for Myanmar National Single Window အခမ်းအနားအား နေပြည်တော်ရှိ Kempinski Hotel ၌ ၂၀၁၇ ခုနှစ် ၊ ဒီဇင်ဘာလ (၈) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း နှင့် World Bank Group မှ Mr Sjamsu Rahardija တို့က အဖွင့်အမှာစကားပြောကြားခဲ့ပါသည်။

အဆိုပါအခမ်းအနားသည် ခေတ်မီကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးနည်းဥပဒေများ ၊ ASEAN Single Window အရ National Single Window ၏ အဓိပ္ပါယ်ဖွင့်ဆိုချက် ၊ အစိုးရဌာနများမှ အဓိကထည့်သွင်းစဉ်းစားရမည့်အချက်များ၊ ပဋိညာဉ်စာတမ်းပြင်ဆင်ရေးအတွက် လိုအပ်သောအဆင့်များ ၊ National Trade Facilitation Committee (NTFC) ပါအဖွဲ့ဝင်များ၏ ညှိနှိုင်းဆွေးနွေးမှုများ ၊ အခြားကူညီပေးနေသောနိုင်ငံတကာအဖွဲ့အစည်းများ၊

ပြည်တွင်းမှလုပ်ငန်းရှင်အသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ရည်ရွယ်၍ ကျင်းပပြုလုပ်ခဲ့ပြီး

(က) ပဏာမခြေလှမ်းအဖြစ် National Singal Window ကို ၂၀၁၁ ခုနှစ် ကတည်းက အကောင်အထည်ဖော်ခဲ့သော်လည်း ရေရှည်ဆက်လက်လုပ်ဆောင်နိုင်ရေးအတွက် အစည်းအဝေးများ စဉ်ဆက်မပြတ်ကျင်းပခြင်း။

(ခ) National Single Window ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ကော်မတီတစ်ရပ် သို့မဟုတ် လုပ်ငန်း အဖွဲ့တစ်ခု သတ်မှတ်ဖွဲ့စည်းရန် လိုအပ်ပြီး စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ၊ ယင်းကော်မတီ သို့မဟုတ် လုပ်ငန်းအဖွဲ့တွင် အစိုးရဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကဏ္ဍ မှ အသင်းအဖွဲ့များသည် ပါဝင်ရမည်ဖြစ်ပြီး ယင်းပုဂ္ဂိုလ်များအား သက်ဆိုင်ရာမှ ပြောင်းလဲ ခြင်းသို့မဟုတ် အစားထိုးခြင်းမပြုလုပ်ရန်။

(ဂ) အကောက်ခွန်ဦးစီးဌာနမှ National Single Window အတွက် ပဋိညာဉ်စာချုပ်ရေးဆွဲရန်အတွက် သက်ဆိုင်ရာ အစိုးရဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကကဏ္ဍမှ လုပ်ငန်းရှင်များထံမှ အကြံပြုချက်၊ ဆွေးနွေးချက်များ စတင်ရန်နှင့် လိုအပ်သော မူဝါဒများချမှတ်ရန် ၊ ပြီးနောက် စဉ်ဆက်မပြတ် National Single Window အစည်းအဝေးများ ကျင်းပပြုလုပ်ရန်။

(ဃ) အရှေ့အာဆီယံအဖွဲ့ဝင်နိုင်ငံများတွင် National Single Window စနစ်အား ကျယ်ကျယ်ပြန့်ပြန့်၊ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန် ဝန်ကြီးအဆင့်က တာဝန်ယူဆောင်ရွက်သည့်အတွက် Focal Ministry ဖြစ်သည့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးချက်ရလဒ်များရရှိခဲ့ပါသည်။

အခမ်းအနားသို့ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ ၊ အခြားသက်ဆိုင်သည့်ဌာနများ ၊ အကူအညီပေးလျက်ရှိသည့် နိုင်ငံတကာအဖွဲ့အစည်းများ ၊ World Bank Group မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

# တရားမဝင်မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအတွက် ဩစတေးလျနယ်စပ်တပ်ဖွဲ့ (ABF) နှင့် အကောက်ခွန်ဦးစီးဌာန (MCD) တို့ နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကျင်းပ




ဩစတေးလျနယ်စပ်တပ်ဖွဲ့ (ABF) နှင့် အကောက်ခွန်ဦးစီးဌာန (MCD) တို့ ဒေသတွင်း တရားမဝင် မူးယစ်ဆေးဝါးများ မှောင်ခိုကုန်ကူးခြင်း ၊ အကောက်ခွန်နှင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဥပဒေများ ချိုးဖောက်မှုများကို စုံစမ်းထောက်လှမ်းရန် ၊ ဟန့်တားရန်နှင့် ကာကွယ်တားဆီးရန်အတွက် သမိုင်းဝင် သတင်းအချက်အလက် မျှဝေရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ၂၀၁၇ ခုနှစ် ၊ ဒီဇင်ဘာလ (၁၂) ရက်နေ့ မွန်းလွဲ (၃:၀၀) နာရီခန့်တွင် ရန်ကုန်မြို့ ၊ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်) ၌ ကျင်းပပြုလုပ်ခဲ့ရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်နှင့် မဲခေါင်ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ကာကွယ်စောင့်ရှောက်ရေး Department of Immigration and Border Protection (DIBP) ညွှန်ကြားရေးမှူး မစ္စတာ ဒေးဗစ်နက်စ် (David Ness) တို့မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး မဲခေါင်ဒေသဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် နယ်စပ်ကာကွယ်စောင့်ရှောက်ရေး ညွှန်ကြားရေးမှူး မစ္စတာဒေးဗစ်နက်စ် နှင့် အကောက်ခွန်ဦးစီးဌာန (MCD) ၏ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်းတို့ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခဲ့ကြပါသည်။

## အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူအစီအစဉ် ၊ အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်း စနစ်သစ်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကျင်းပခြင်း



စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနသည် အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူ အစီအစဉ်နှင့် အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်းစနစ်သစ်တို့နှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနား အား ၂၂-၁၂-၂၀၁၇ ရက်နေ့ နံနက် (၉:၃၀) နာရီအချိန်တွင် ရန်ကုန်မြို့ ၊ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) မင်္ဂလာခန်းမ၌ကျင်းပပြုလုပ်ခဲ့ရာ အကောက်ခွန်ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းထွန်း မှ အဖွင့်အမှာစကားပြောကြားခဲ့ပြီး အခွင့်ရစီးပွားရေးလုပ်ငန်း ဆောင်ရွက်သူ အစီအစဉ် ၊ အကောက်ခွန်တန်ဖိုးသတ်မှတ်ခြင်း စနစ်သစ်တို့နှင့်ပတ်သက်၍ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ထွန်း မှ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

# မြဝတီမြို့တွင် Private Sector အတွက် MACCS စနစ်အသုံးပြုခြင်းဆိုင်ရာသင်တန်း အမှတ်စဉ် (၁) နှင့် (၂) ဖွင့်လှစ်ခြင်း



မြဝတီနယ်စပ်ဒေသရှိ ကုန်ပစ္စည်းတင်သွင်း/တင်ပို့သူ လုပ်ငန်းရှင်များ ၊ အဝါရောင်နှင့် ပန်းရောင်ကတ်ကိုင်ဆောင်သည့် Agency များအနေဖြင့် MACCS စနစ်အား ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ MACCS စနစ်အသုံးပြုခြင်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၁) နှင့် (၂) အား မြဝတီမြို့ရှိ City Home ခန်းမတွင် ၂၀၁၇ ခုနှစ် ၊ နိုဝင်ဘာလ (၃၀) ရက်နေ့မှ ဒီဇင်ဘာလ (၆) ရက်နေ့အထိ သင်တန်းဖွင့်လှစ်သင်ကြားပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းအမှတ်စဉ် (၁) နှင့် (၂) သို့ အဝါကတ်ကိုင်ဆောင်သူ ၊ ပန်းရောင်ကတ်ကိုင်ဆောင်သူ ၊ သွင်းကုန် / ထုတ်ကုန် လုပ်ငန်းရှင်များ ၊ အကောက်ခွန်ဦးစီးဌာနမှ နည်းပြများ ၊ MACCS စနစ်ဆိုင်ရာ ဂျပန်-မြန်မာ ကျွမ်းကျင်ပညာရှင်များ နှင့် NTT Data Myanmar မှ တာဝန်ရှိပုဂ္ဂိုလ်များ ၊ စုစုပေါင်း (၃၆၃) ဦးတက်ရောက်ခဲ့ကြပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၂၇၅.၁၃၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက် နှင့် အကောက်ခွန် နယ်မြေဒေသအသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရှာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ (၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှု မှာ (၃၆၆) မှု ဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာကျပ် (၃၂၇၅.၁၃၁) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်




လေဆိပ်တားဆီးမှု အနေဖြင့် တားဆီးမှု (၁၀) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၂၁.၉) သန်းခန့် ရှိသည့် အနက် ၂၀-၁၂-၂၀၁၇ ရက်နေ့တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တိုင်ပေမှ ရန်ကုန်သို့ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားခရီးသည်ထံမှ စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော iPhone X Space Gray 256 GB (3)U, iPhone X Silver 256 GB (1) U ၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးကျပ် (၆) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၂၇၅.၁၃၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ဆိပ်ကမ်း တားဆီး/ဖမ်းဆီးခြင်း




ဆိပ်ကမ်းတားဆီးမှုအနေဖြင့် တားဆီးမှု (၇) မှုရှိ၍ ခန့်မှန်းတန်ဖိုးကျပ် (၂၂၉.၆၀၂) သန်းခန့်ရှိသည့် အနက် ၁-၁၂-၂၀၁၇ ရက်နေ့တွင် MIP ဆိပ်ကမ်း၌ JJ Pun Trading Co., Ltd မှ တင်သွင်းလာသော Fertilizer Bayfolan (1L/Bottle),(Bayfolan (5L/Bottle) နှင့် Insecticides (Aliette 80WE 100G/Bag ) (1Kg / Bag) တို့အား အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ ID/IL တွင် ကြေညာထားခြင်းမရှိသော Flint 50 WG (100G/Bag) (160 CT) (1600) Kg, Flint 50 WG (10G /Bag) (117 CT) (280) Kg ၊ ခန့်မှန်းတန်ဖိုးကျပ် (၁၉၈) သန်းခန့်အားတားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၂၇၅.၁၃၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## နယ်မြေများတွင် တားဆီး/ဖမ်းဆီးခြင်း






နယ်မြေတားဆီးမှုအနေဖြင့် တားဆီးမှု (၃၄၉) မှုရှိ၍ စုစုပေါင်းခန့်မှန်းတန်ဖိုးမှာကျပ် (၃၀၂၃.၆၂၉) သန်းခန့်ရှိသည့်အနက် ၂၇-၁၂-၂၀၁၇ ရက်နေ့တွင် (၁၆) မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းတွင် FUSO (၁၂) ဘီးယာဉ် (၁) စီးအား အကောက်ခွန်စစ်ဆေးရေးအဖွဲ့မှ လိုက်လံတားဆီးခဲ့ရာ မိုင်တိုင်အမှတ် (၁၇) မိုင် (၁) ဖာလုံခန့်ရှိ အိုးတစ်လုံးကွေ့အနီးတွင် ဖမ်းဆီးရမိခဲ့ပြီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် ဟိုက်ဒရိ ကလိုရစ်အက်ဆစ် ထည့်သွင်းထားသော (၂၀၀) လီတာဆန့် ပလပ်စတစ်ပေပါ (၅၁) ပေပါ နှင့်ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး ၊ ခန့်မှန်းတန်ဖိုးကျပ် (၇၆၅) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ တားဆီးခဲ့ပါသည်။

## အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုးကျပ် (၃၂၇၅.၁၃၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၈-၁၂-၂၀၁၇ ရက်နေ့တွင် မန္တလေးမြို့ နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများဆောင်ရွက်စဉ် မူဆယ်သို့သွားရောက်မည့် ခရီးသည်တင်ယာဉ် (၁) စီးနှင့် မိုင်တိုင်အမှတ် (၁၉၂) မိုင် (၇) ဖာလုံ ၊ ပန်ဖတ်ကျေးရွာအနီး၌ မသင်္ကာဖွယ်ရပ်တန့်ထားသော Nissan ဆီဘောက်ဆာတွဲယာဉ် (၁) စီးအားစစ်ဆေးခဲ့ရာ ယာဉ်နောက်ပိုင်းတွင် အံဝှက်ပြုလုပ်၍လည်းကောင်း ၊ ဆီဘောက်ဆာတွဲအတွင်း အံဝှက်ပြုလုပ်၍လည်းကောင်း သိုဝှက်သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွဲသားရွေသစ် (၁၂၈) တုံး (၈.၀၂၃၂) တန် နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၂) စီး ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၂၄.၀၆၉) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၂၇၅.၁၃၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ထူးခြားဖမ်းဆီးမှု



ထူးခြားဖမ်းဆီးမှုအနေဖြင့် ၂၄-၁၂-၂၀၁၇ ရက်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၏ ရှောင်ကွင်းလမ်းဖြစ်သော မုပ္ပလင်သုသာန်လမ်းတွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ ရှောင်တခင်စစ်ဆေးခဲ့ရာ Nissan Caravan ယာဉ် (၁) စီး ၊ Toyota Hiace ယာဉ် (၂) စီးအားတွေ့ရှိ၍ စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Philip TV (83 U) ပါပစ္စည်း (၃) မျိုး ၊ Iphone X 64 GB (280 U) ပါပစ္စည်း (၇၉) မျိုး နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၃)စီး ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၃၁၇.၁၀၇) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန၏ ၂၀၁၇ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၂၇၅.၁၃၁) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြားဖမ်းဆီးမှု**






ထူးခြားဖမ်းဆီးမှုအနေဖြင့် ၁၁-၁၂-၂၀၁၇ ရက်နေ့တွင် မူဆယ်မြို့နယ် ၊ အကောက်ခွန်ဦးစီးဌာန ၊ မန့်ဝိန်းဂိတ် တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့သည် တာဝန်ထမ်းဆောင်နေစဉ် ဂိတ်အနီး၌ မသင်္ကာဖွယ် Honda Airwave ယာဉ် (၁) စီးအားတွေ့ရှိ၍စစ်ဆေးခဲ့ရာ ယာဉ်မောင်းဖြစ်သူမှာထွက်ပြေးတိမ်းရှောင်သွားပြီး ယာဉ်၏အမိုးရှိ ခရီးဆောင်အိတ်များအတွင်းနှင့် ယာဉ်၏သိုဝှက်သယ်ဆောင် တတ်သောနေရာများအတွင်း၌ တရားမဝင်သယ်ဆောင်လာသော ကျောက်စိမ်းဟု ယူဆရသောကျောက်တုံး အပိုင်းအစများ အရွယ်စုံ (၅၂၀) ကီလို နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ် (၁) စီး ၊ စုစုပေါင်းခန့်မှန်း တန်ဖိုးကျပ် (၁၃.၄) သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ပါသည်။

# မိုဘိုင်းဖုန်း ၊ ကွန်ပျူတာဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ ဒီဇင်ဘာလအတွင်း တားဆီး/ဖမ်းဆီးအရေးယူမှု အခြေအနေ

| စဉ် | ပစ္စည်းအမျိုးအမည် | ရန်ကုန် အမှုတွဲပေါင်း | နယ်စပ် အမှုတွဲပေါင်း | အမှုတွဲ စုစုပေါင်း | ခန့်မှန်းတန်ဖိုး စုစုပေါင်း(ကျပ်) |
|---|---|---|---|---|---|
| ၁။ | မိုဘိုင်းဖုန်းနှင့် ဆက်စပ်ပစ္စည်းများ | - | ၃ မှု | ၃ မှု | ၁၂၆၉.၈၁၂ သန်း |
| ၂။ | ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ | - | - | - | - |
| ၃။ | သစ်တောထွက် ပစ္စည်းများ | - | ၂၀ မှု | ၂၀ မှု | ၆၆.၄၈၄ သန်း |
| | စုစုပေါင်း | - | ၂၃ မှု | ၂၃ မှု | ၁၃၃၆.၂၉၆ သန်း |

အကောက်ခွန်ဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း (၁-၄-၂၀၁၇) ရက်နေ့ မှ (၃၁-၁၂-၂၀၁၇) ရက်နေ့အထိ မိုဘိုင်းဖုန်းနှင့်ဆက်စပ်ပစ္စည်းများ ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများနှင့် သစ်တောထွက်ပစ္စည်းများ တားဆီး/ဖမ်းဆီးမှု (၂၁၇) မှု ၊ ခန့်မှန်းတန်ဖိုးကျပ်သန်းပေါင်း(၃၇၅၂.၈၄၀) သန်းခန့်အားတားဆီးခဲ့ပြီးအရေးယူဆောင်ရွက်နိုင်ခဲ့ပါသည်။

# ပြည်သူ့ဘဏ္ဍာသိမ်းဆည်းပြီး ထုခွဲအဆင့် လူသုံးကုန်ပစ္စည်းများအား လေလံစနစ်ဖြင့် ရောင်းချခြင်း




စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၊ အကောက်ခွန်ဦးစီးဌာနမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လူသုံးကုန်ပစ္စည်းများအား(၁၂-၁၂-၂၀၁၇) ရက်နေ့ နံနက် (၁၀:၀၀) နာရီ အချိန်တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ၌ ညွှန်ကြားရေးမှူး ဦးနေလင်း မှ ဥက္ကဋ္ဌအဖြစ် ပါဝင်သော လေလံတင်ရောင်းချရေးအဖွဲ့ဖြင့် စုစုပေါင်း လေလံအုပ်စု (၂) စု အား လေလံတင်ရောင်းချခဲ့ရာ နိုင်ငံတော်ဘဏ္ဍာငွေ စုစုပေါင်းကျပ် (၃၂၀.၄) သန်းရရှိခဲ့ပါသည်။

# ဖမ်းဆီးရမိသည့် အများပြည်သူ စားသုံးရန်မသင့်သော စားသောက်ကုန်များနှင့် သက်တမ်းလွန်ဆေးဝါးများ ဖျက်ဆီးခြင်း





ရန်ကုန်မြို့ အကောက်ခွန်ဦးစီးဌာန ၊ ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲမှ အများပြည်သူ စားသုံးရန် ၊ သုံးစွဲရန်မသင့်သော စားသောက်ကုန်များ၊ သက်တမ်းလွန်ဆေးဝါးများ ၊ အေးခဲအသားများနှင့် မှို (အစို) များ ၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၆၀.၀၈၇) သန်းခန့်အား (၁၉-၁၂-၂၀၁၇) ရက်နေ့နှင့် (၂၇-၁၂-၂၀၁၇) ရက်နေ့ တို့တွင် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ၊ ညွှန်ကြားရေးမှူး ဦးနေလင်း ဥက္ကဋ္ဌ အဖြစ်ပါဝင်သောဖျက်ဆီးရေးအဖွဲ့ဖြင့် ထောက်ပံ့ရေးနှင့် ပို့ဆောင်ရေးဌာနခွဲ ရုံးဝင်းအတွင်း စနစ်တကျ ဖျက်ဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Eucalyptus Core Veneer (သစ်ပါးလွှာ) ၏ HS Code အားမေးမြန်းရာ ၊ HS Code မှာ 4408.39.90 ဖြစ်ကြောင်း ဖြေကြားခဲ့ပါသည်။






Gas Stove များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 7321.11.10 ဖြစ်ပြီး အကောက်ခွန် 7.5% ကုန်သွယ်လုပ်ငန်း ခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါ သည်။

Slag များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်လိုအပ်ကြောင်း ၊ HS Code မှာ 2618.00.00 ဖြစ်ပြီး အကောက်ခွန် 3% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါ သည်။







ပန်းအစိုများ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း ၊ HS Code မှာ 0603.19.00 ဖြစ်ပြီး အကောက်ခွန် 15% ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါ သည်။

# အကောက်ခွန်ဦးစီးဌာန ၊ ဆက်ဆံရေးဌာနစိတ်တွင် အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ မေးမြန်းချက်များအပေါ် ဆွေးနွေးဖြေကြားချက်များ

Liquid Petroleum Gas များ တင်သွင်းလိုပါသဖြင့် Hs Code နှင့် Duty Rate အား မေးမြန်းရာ HS Code မှာ 2711.19.00 ဖြစ်ပြီး အကောက်ခွန် 3% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြား ခဲ့ပါသည်။








Concrete Mixer Spare Parts များ Re-export ပြုလုပ်လိုပါသဖြင့် လိုင်စင် လို/မလို မေးမြန်းရာ Re-export ဖြစ်သဖြင့် လိုင်စင်လိုအပ်ကြောင်းဖြေကြားခဲ့ပါသည်။

Amplifier Speaker များ တင်သွင်းလိုပါသဖြင့် လိုင်စင် လို/မလို ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ လိုင်စင်မလိုအပ်ကြောင်း၊ HS Code မှာ 8518.50.90 ဖြစ်ပြီး အကောက်ခွန် 20% ၊ ကုန်သွယ် လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်း ဖြေကြားခဲ့ ပါသည်။




Air Cooler များ တင်သွင်းလိုပါသဖြင့် ၊ HS Code နှင့် Duty Rate အားမေးမြန်းရာ HS Code မှာ 8479.60.00 ဖြစ်ပြီး အကောက်ခွန် 103% ၊ ကုန်သွယ်လုပ်ငန်းခွန် 5% နှင့် ကြိုတင်ဝင်ငွေခွန် 2% ဖြစ်ကြောင်းဖြေကြားခဲ့ပါသည်။